www.burmeseclassic.com



သလား၊ ကျင့်သုံးနေသလား ဆိုတာကို သေသေချာချာ စဉ်းစားသင့်တယ်။

ဥပမာ–မင်္ဂလာသုတ်ဆိုပါတော့၊ ဒါလည်း structureတစ်မျိုးပဲ။ မေတ္တာသုတ် ဆိုရင်လည်း ဒီလိုပဲ။ လောကကြီးကို ဘယ်လို သဘောထားမလဲ၊ အားလုံးကို ကိုယ့်ရင်ဝယ်သားလို သဘောထားရမယ်လို့ သွန်သင်ဆုံးမထားတာ၊ အဲဒါ structureတစ်ခုပဲ။ structure of relationship ပဲ။

ဒါကြောင့် ဘာသာတရားတိုင်း၊ ကိုယ့်ကျင့်တရားနဲ့ပတ်သက်တဲ့ အတွေးအခေါ်၊ Ethical philosophy တိုင်းဟာ လောကကြီးကို ဘယ်လို structure မျိုးနဲ့ ဆက်ဆံရမယ်ဆိုတဲ့ နည်းလမ်းကို ဖော်ပြနေတာပဲ။

## များများရချင် များများပြန်ပေး

လူ့အသိုင်းအဝိုင်းထဲက ကောင်းကျိုးများများ ရချင်ရင်
အဲဒီလူ့အသိုင်းအဝိုင်းကို ကောင်းအောင် ပြုစုရတယ်။

စိုက်ပျိုးရေးလုပ်တဲ့သူတွေဟာ အသီးအနှံကောင်းကောင်း များများ ရချင်ရင် မြေကြီးကို ကောင်းကောင်းပြုပြင်ရမယ်၊ မြေသြဇာ ကောင်းကောင်း လုံလောက်အောင် ထည့်ပေးရမယ်လို့ နားလည်တယ်။ မြေကို မပြုပြင်ပဲ၊ မြေသြဇာကောင်းကောင်းကို လုံလောက်အောင်မထည့်ပဲ စိုက်ပျိုးရင် အသီးအနှံ ကောင်းကောင်း မရနိုင်ဘူး။ ကြာလေ ရတာနဲလေ ဖြစ်လာမယ်။ နောက်ဆုံးမှာ ဒီမြေဟာ စိုက်လို့ မထူးတော့တဲ့မြေ ဖြစ်သွားမယ်။

လူ့အသိုင်းအဝိုင်းဟာလည်း ဒီလိုပါပဲ။ လူ့အသိုင်းအဝိုင်းထဲက ကောင်းကျိုး များများရချင်ရင် အဲဒီလူ့အသိုင်းအဝိုင်းကို ကောင်းအောင် ပြုစုရတယ်။ အရည်အသွေး မြင့်မားအောင်၊ စိတ်ထားတွေ မြင့်မားအောင်၊ ပညာရေး မြင့်မားအောင် ပြုစုရတယ်။ အဲဒီလိုမလုပ်ပဲနဲ့ ရသလောက် ထုတ်ယူနေရင် ရတာ ကြာလေ နဲလေ ဖြစ်သွားမယ်။

လူတိုင်းဟာ ကိုယ့်ပတ်ဝန်းကျင်အသိုင်းအဝိုင်းဆီက ရခဲ့တာတွေ အများကြီးရှိပါတယ်။ အကယ်၍ တောနက်ကြီးထဲမှာ မွေးဖွားလာပြီးတော့

www.burmeseclassic.com